# မြန်မာ့ဒီမိုကရေစီအရေး

ခရီးရှည်ချီတက်ဆန္ဒပြပွဲနှင့်
အစာငတ်ခံဆန္ဒပြတိုက်ပွဲ

published by the Communication and Media Operators Committee


# ၉ ရက်မြောက်နေ့

စက်တင်ဘာ ၉ ရက် ၂၀၀၄

ဂျပန်သီလရှင်ကြီးမှ နံက် ၉ နာရီတွင် စတင်ရန် စီစဉ် ခဲ့သော်လည်း အော်လ်ဘာနီမြို့မှ ပစ္စည်းများ ပြန်လည် ယူဆောင်သော သူများကိုစောင့်ဆိုင်းရင်း ယခင်နေ့ကရပ်နားခဲ့ရာ Kingston မြို့လယ်မှ ၉ နာရီ ၄၀ မိနစ်တွင်စတင်ချီတက်နိုင်ခဲ့သည်။ မိုးအ နည်းငယ်ရွာနေသေးသော်လည်း မနေ့ကထက် သက်သက်သာသာချီတက်နိုင် ပါသည်။ ၁၁ နာရီ ၃၀ မိနစ် ခေတ္တနားနေချိန်တွင်သီလရှင်ကြီး မှ စိတ်ဝင်စားဖွယ်မေးခွန်းတစ်ခုကိုမေးခဲ့သည်။ "သူမ ဘာကြောင့် ယခုလုပ်ရှားမှုကို စိတ်ရောကိုယ်ပါကူညီခဲ့ခြင်း ဖြစ်သနည်း" အားလုံး၏ အဖြေမှာ တစ်သံတည်းထွက် လာသည်။ ငြိမ်းချမ်းရေးအတွက် နှစ်ပေါင်းသုံးဆယ်ခန့် လမ်းလျှောက်လာသူ ဖြစ်သဖြင့် မြန်မာနိုင်ငံငြိမ်းချမ်း ရေးအတွက် ကူညီသည်ဟု။ သီလရှင်ကြီးမှ ပြုံးလျှက် ထိုအဖြေ သည် ယေဘုယျအားဖြင့် မှန်သော်လည်း သူ့အတွက်မလုံလောက်ပါဟု ဆိုသည်။

☐ သူ့အနေဖြင့် မြန်မာပြည်သူများ အပေါ် ကျေးဇူးဆပ်ခြင်းဖြစ်သည်။ ယခု ခရီးစဉ်၏ အစပျိုးရာ ငြိမ်းချမ်းရေးစေတီတွင် ဌာပနာထားသော ဘုရား ရှင် ဓာတ်တော်သုံးဆူမှာ မြန်မာနိုင်ငံကို အင်္ဂလိပ်အစိုးရအုပ်စိုးစဉ်က မြန်မာပြည်လွတ်မြောက်ရေးအတွက် ဆုတောင်း ကြိုးပမ်းခဲ့သူ ဂျပန်ဆရာတော် Rev. Nagai (ဘုန်းတော်ကြီး နာဂါအီ) အား အင်္ဂလိပ်အစိုးရမှ ဖမ်းဆီးထောင်ချခဲ့ သည်။ ထိုအခါ ဘုန်းတော်ကြီးသည် ထောင်တွင်း၌ ရက်ပေါင်း တစ်ရာနီးပါး အစာငတ်ခံခဲ့သည်။ သေအံ့မူးမူး အချိန် တွင်မှ အင်္ဂလိပ်အစိုးရမှ မြန်မာနိုင်ငံတွင် ဘုန်းတော်ကြီး တစ်ပါး ဤကဲ့သို့ သေဆုံးသွားပါက တိုင်းပြည်တစ်ခုလုံး မငြိမ်မသက်ဖြစ်နိုင်သည်ကို သိသဖြင့် လွှတ်ပေးခဲ့သည်။ ထို့နောက် ဂျပန်သို့ပြန်ရာ ဘုရားရှင်ဓာတ်တော် အဆူ သုံးဆယ်ကို ပင့်ဆောင်ခွင့် ရရှိခဲ့သည်။ နောက်ဆယ်နှစ်ကြာ ထိုဘုန်းတော်ကြီး ပျံလွန်တော်မူ ကာနီး၌ ယခု သီလရှင်ကြီး ၏ ဆရာဖြစ်သူကိုဓာတ် တော်များအား လက်ဆင့်ကမ်းခဲ့သည်။ ယခု အမေရိ ကန်နိုင်ငံတစ်ဝှမ်း၌ ငြိမ်းချမ်းရေးစေတီ များ နေရာအနှံ့တည်ထားကိုးကွယ်ရာ၌ စေတီတစ်ဆူလျှင် ဓာတ်တော်သုံးဆူထည့်သွင်း ဌာပနာရန် ရည်ရွယ်ထားခဲ့ သည်။ (ယခု အထိ မက်ဆာချူးဆက်ပြည်နယ်နှင့် နယူးယောက်ပြည်နယ်တို့တွင် နှစ်ဆူတည်ထားပြီးဖြစ်သည်။) ထို့ကြောင့် မိမိ ဆရာဘုန်းတော်ကြီး ကြိုးပမ်းခဲ့သည့်မြန်မာနိုင်ငံလွတ်မြောက်ရေးကို ဆက်လက်ဆောင်ရွက်ခွင့်ရခြင်း အတွက် ဝမ်းသာအားရဖြစ်မိသလို မိမိတို့အဖွဲ့ ကြိုးပမ်းတည်ဆောက်နေသော ငြိမ်းချမ်းရေးစေတီများ၌ ဘုရားရှင်၏ ဓာတ်တော်များ၏ မူလပိုင်ရှင်ဖြစ်သော မြန်မာနိုင်ငံနှင့် မြန်မာပြည်သူများအတွက် ကျေးဇူးဆပ်ခွင့်ကြုံသဖြင့်လည်း ယခုလောက် တစ်နိုင်သမျှအစွမ်းကုန် ကူညီနေခြင်းဖြစ်သည် ဟု ပြောကြားသွားခဲ့သည်။ (မြန်မာပြည်သားအားလုံး သိရှိနိုင်ရန် မျှဝေခြင်းဖြစ်ပါသည်။)

☐ ထို့နောက် နေ့လည် ၁၂နာရီ ၁၀မိနစ်တွင် ပြန်လည်ချီတက်ခဲ့ကြပြီး ညနေ ၄ နာရီအချိန်တွင် West Park Post Office ရှေ့၌ တစ်နေ့တာချီတက်ခြင်းကို ရပ်နားခဲ့ကြ ပါသည်။ ယနေ့ခရီးစဉ်တွင် ၁၂ မိုင်ခရီး ပေါက်ခဲ့ပြီး စုစုပေါင်း ၁၀၃မိုင် ရှိပြီဖြစ်ပါသည်။

☐ လက်ရှိအချိန်ထိ ငွေ၊ ဆေးဝါး အကူအညီ ပေးခဲ့ကြသူများမှာ–

၁၏ ဒေါက်တာအောင်ခင် ဒေါ်လာ ၇၀၀ နှင့် ဆေးဝါးတစ်သေတ္တာ

၂၏ ဦးတင်အေး (ဖို့ဝိန်းမြို့) ဒေါ်လာ ၁၀၀

၃၏ ကိုရဲဟိန်း (ဖို့ဝိန်းမြို့) ဒေါ်လာ ၄၀

၄၏ ကိုငွေလှိုင် (ဖို့ဝိန်းမြို့) ဒေါ်လာ ၅၀

၅၏ ကိုစိုင်းမိုးကိုကို (မီးဝေါကီးမြို့) ဒေါ်လာ ၁၀၀

၆၏ ဒီမိုကရက်တစ်မြန်မာနိုင်ငံသားများအသင်း(ဒီသာကာ) ဒေါ်လာ ၁၅၀

၇၏ ဦးမျိုးအောင် (တက်ဆက်စ်) ဒေါ်လာ ၃၀၀

☐ ယခုကဲ့သို့ပူးပေါင်းပါဝင်ကူညီကြသူများ ကိုယ်တိုင်ဝင်ရောက်ချီတက်ကြသူများအပြင်၊ အော်လ်ဗာနီမြို့တွင် တည်းခိုနေထိုင်စဉ်အတွင်း နေရေးစားရေးမပူပင်ရအောင် အစွမ်းကုန်ကူညီခဲ့ကြသော ဆရာတော် ဦးသုမိုယနှင့် အော်လ်ဗာနီမှ မြန်မာမိသားစုများ၊ နောက်စခန်းထောက်များအတွက် အဆင်ပြေရန်ကူညီပေးနေသော ဂျပန်သီလရှင်ကြီးနှင့် ၎င်း၏မိတ်ဆွေများ၊ အားပေးထောက်ခံကြောင်း သဝဏ်လွှာများပေးပို့ခဲ့ကြသည့် အဖွဲ့အစည်းများနှင့် တသီးပုဂ္ဂလများ၊ ယခုခရီးစဉ်အစတွင် အဆက်အသွယ်များရအောင် ဆောင်ရွက်ပေးခဲ့ကြသည် Mrs. Maura Stephens (Editor: Ithaca College Quarterly Magazine), Mrs. Phyllis De Feno (Literacy Volunteer) စသည်တို့ အားလုံးကို အထူးကျေးဇူးတင်ရှိပါကြောင်း

---


For more information please contact:

Communication and Media Operators Committee

Aung Kyaw Myint - 607-339-7054 freelight0@aol.com Yan Myo Aung - 585-576-8521 yanmyoag@yahoo.com
Min Sun Min - 718-434-5292 kominmin@yahoo.com Nang San Nun - 917-519-3771 shanpyithu@yahoo.com
Sandi - 917-445-9222 freeassk@yahoo.com Nyan Win Lett - 646-321-5311 nyanwlett@yahoo.com